**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁)၊ နေပြည်တော်**

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်**

# အငယ်တန်းစာရေးရာထူး ၁၀ နေရာအတွက် လျှောက်လွှာနောက်ဆုံးထား တင်ပြရမည့် နေ့ရက်နှင့် ရေးဖြေ ဖြေဆိုရမည့်နေ့ရက်တို့အား ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ခေါ်ယူခန့်ထားမည့် အငယ်တန်းစာရေးရာထူး ၁၀ နေရာအတွက် လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်(၁၆၃၀) နာရီ နောက်ဆုံးထား တင်ပြရန်နှင့် ရေးဖြေစာမေးပွဲအား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင်** ပြည်ထောင်စုဝန်ကြီးရုံး တည်ရှိရာ နေပြည်တော်၌ ဖြေဆိုရမည်ဖြစ်ကြောင်း **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင်** လျှောက်လွှာခေါ်ယူ ကြေညာခဲ့ပါသည်။

၂။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာ နောက်ဆုံးထား တင်ပြရမည့် နေ့ရက်နှင့် ဖြေဆိုခွင့်ကတ်ထုတ်ပေးမည့်နေ့ရက်တို့ကို အောက်ပါအတိုင်း ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် ရေးဖြေ ဖြေဆိုမည့်နေ့ရက်အား ထပ်မံအသိပေးကြေညာမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်-

(က) လျှောက်လွှာပိတ်မည့်နေ့ရက်နှင့်အချိန် - **၂၅-၁၀-၂၀၂၃၊ ၁၆၃၀ နာရီ**

(ခ) ဖြေဆိုခွင့်ကတ်ထုတ်ပေးမည့်ရက် - **၂-၁၁-၂၀၂၃ မှ ၃-၁၁-၂၀၂၃ အထိ (ရုံးချိန်အတွင်း)**

၃။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တယ်လီဖုန်းအမှတ် **၀၆၇-၃၄၀၇၃၈၂** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**